ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

**လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)




ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ်

ဆုံလဲအုပ်စု၊ ပေါက်တိုင်းကျေးရွာ

**မာတိကာ**

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ရခိုင် ပြည်နယ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့နယ်
ညွှန်းပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကျေးရွာမြေပုံ(တည်နေရာ)




သပြေလှကျေးရွာပြမြေပုံ

**၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

ဆုံလဲကျေးရွာအုပ်စုတွင်

၁။ မြေခြားကျေးရွာ

၂။ ကျောက်စရစ်ကုန်းကျေးရွာ

၃။ ကျွန်းကြီးကျေးရွာ

၄။ သစ်ဆိမ့်ကုန်းကျေးရွာ

၅။ အိုးဘိုကုန်းကျေးရွာ

**၆။ ပေါက်တိုင်းကျေးရွာ**

၇။ ခုနစ်တာကျေးရွာ

၈။ ဆီဆုံကုန်းကျေးရွာ

၉။ ရှမ်းစုကျေးရွာ

၁၀။ ဓမ္မီကျေးရွာ

၁၁။ ဆုံလဲကျေးရွာ

၁၂။ သဲဖြူကျေးရွာ

၁၃။ သပြေလှကျေးရွာ

၁၄။ မြောင်(အုန်းကုန်း)ကျေးရွာ

၁၅။ ရွာသစ်ကုန်းကျေးရွာ

၁၆။ ကျောင်းကုန်းကျေးရွာ

၁၇။ သပြေကုန်းကျေးရွာ

၁၈။ အောင်သပြေကျေးရွာ

၁၉။ ဆိပ်သာကျေးရွာ တို့ပါဝင်ပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဆုံလဲအုပ်စုတွင် ကျေးရွာပေါင်း ၁၉ရွာရှိသည့်အနက်မှ ပေါက်တိုင်းကျေးရွာသည် တစ်ရွာအပါအဝင်ဖြစ်ပါသည်။ ပေါက်တိုင်းကျေးရွာသည် စီးပွားရေးအနေဖြင့် လယ်၊ ကိုင်းများ၊ တောင်ယာများစသောလုပ်ငန်းများကို ဆောင်ရွက်ကြပြီး အရောင်းအဝယ်လုပ်ငန်းများ၊ အုတ်ရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြသည်။ ကျေးရွာတွင်လည်း လက်လုပ်လက်စားများလည်းရှိပါသည်။

ကျေးရွာပညာရေးအနေဖြင့် အလယ်တန်းကျောင်းလည်းရှိပါသည်။ ဆိပ်သာကျေးရွာတွင် အထက်တန်းကျောင်းရှိပြီး၊ ကြံခင်းမြို့တွင်လည်း အထက်တန်းကျောင်းတို့တွင် သွားရောက်ပညာသင်ကြားကြရပါသည်။

ကျေးရွာလမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင်းလမ်းများမှ အနည်းငယ်သာမကောင်းသောကြောင့် သွားလာရေးအတွက် မိုးရာသီတွင် အနည်းငယ်ခက်ခဲမှုရှိပါသည်။ ကျေးရွာတွင်း အခြေခံအဆောက်အဦးများအနေဖြင့် ကျေးရွာစာကြည့်တိုက်၊ ပရိတ်ကျောင်းဆောင်တို့ရှိကြပါသည်။ ကျေးရွာသည်ဗုဒ္ဓဘာသာမြန်မာလူမျိုးများဖြစ်သောကြောင့် ဘုန်းတော်ကြီးကျောင်း၊ စေတီများရှိပါသည်။ ကျေးရွာတွင် သမဝါယမချေးငွေအဖွဲ့များလည်းရှိပါသည်။ ကျေးရွာသည် စီးပွားရေးအတန်အသင့်ကောင်းမွန်သောကျေးရွာဖြစ်ပါသည်။

ကျေးရွာတွင် သောက်သုံးရေအနေဖြင့် ကျေးရွာတွင်းရေတွင်းများ၊ လက်နှိပ်တုံကင်များလည်းရှိပြီး ကျေးရွာအတွက်ရေလိုအပ်ချက်ရှိသောကြောင့် လူထုဗဟိုပြုစီမံကိန်းပထမနှစ်တွင် ကျေးရွာအတွက် ရေပေးဝေရေးလုပ်ငန်းကို ကျေးရွာလူထုမှတောင်းဆိုဆောင်ရွက်ခဲ့ကြပါသည်။ ရေဖြန့်ဝေရေးအတွက် ကျေးရွာလူထုမှစုပေါင်းကာ ဆက်လက်လုပ်ဆောင်ခဲ့ကြပါသည်။ ထို့ကြောင့် ကျေးရွာအတွက်ရေသုံးစွဲမှုများရရှိလာခြင်းကြောင့် ကျေးရွာလူထုအနေဖြင့် အစဉ်ပြေစွာသုံးကြရပါသည်။


ကျေးရွာတွင်လိုအပ်သောလုပ်ငန်းများရှိသော်လည်း ကျေးရွာအုပ်စုတွင်းရွာများကို ဦးစားပေးဆောင်ရွက်ရန်သဘောထားကြီးပေးထားပါသည်။ နောက်နှစ်များအတွက် ကျေးရွာတွင်းလမ်း၊ ကျေးရွာလျှပ်စစ်မီးရရှိရေး၊ ကွန်ကရစ်မီးတိုင် စသောလုပ်ငန်းများကိုသာဆောင်ရွက်ရန် ကျေးရွာမှ တောင်းဆိုထားကြပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၂၆.၉.၂၀၁၃ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၄၂ | ၃၂ | ၇၄ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၆.၉.၂၀၁၃ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၄၂ | ၃၂ | ၇၄ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၆.၉.၂၀၁၃ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၄၂ | ၃၂ | ၇၄ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | ၂၆.၉.၂၀၁၃ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၄၂ | ၃၂ | ၇၄ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၂၆.၉.၂၀၁၃ | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | ၄၂ | ၃၂ | ၇၄ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂၆.၉.၂၀၁၃ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၄၂ | ၃၂ | ၇၄ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂၆.၉.၂၀၁၃ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၄၂ | ၃၂ | ၇၄ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | ၂၆.၉.၂၀၁၃ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၄၂ | ၃၂ | ၇၄ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၂၆.၉.၂၀၁၃ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | ၄၂ | ၃၂ | ၇၄ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>- လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (က)လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ



လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ

## လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)


ကျေးရွာတွင်းရှိသည့် အရင်းအမြစ်များမှ လယ်ယာ၊ ကိုင်း၊ ရေတွင်း၊ မုန့်ဟင်းခါးစက်၊ ဂုံးပေါက်၊ လမ်း၊ မြစ်၊ ကား၊ အလယ်တန်းကျောင်း၊ စာကြည့်တိုက်စသည်တို့ရှိပါသည်။ ကျေးရွာတွင်းရှိသော လူနေမှုအဆင့်အတန်းများမှ အလယ်တန်းကျောင်း၊ စာကြည့်တိုက်၊ ကျေးရွာ၏ စုပေါင်းဆောင်ရွက်ထားသော ဓမ္မာရုံ၊ ဘုရားစေတီတို့ရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သောအခြေခံအဆောက်အဦးများလိုအပ်ကြောင်းတွေ့ရပါသည်။

ဆက်သွယ်ရေးလမ်းများရှိသော်လည်း၊ မြေသားလမ်းများသာဖြစ်သောကြောင့်လမ်းများသည် မိုးရာသီတွင် လမ်းမကောင်းမွန်ပေ။ ဂုံးပေါက်အနေဖြင့် ရေပြွန်များရှိသော်လည်း ကောင်းမွန်မှုမရှိတော့ပေ။ ပညာရေးအနေဖြင့် ပေါက်တိုင်း၊ ဆိပ်သာတို့တွင်ရှိသောကျောင်းများသို့သွားရောက်သင်ကြားရပါသည်။ ကျန်းမာရေးအနေဖြင့် ဆိပ်သာတိုက်နယ်ဆေးရုံ၊ ကြံခင်းဆေးရုံတို့တွင် သွားရောက်ကုသကြရပါသည်။

စီးပွားရေးအနေဖြင့် ရေလုပ်ငန်း၊ ကိုင်းလုပ်ငန်း၊ လယ်ယာလုပ်ငန်းတို့ကိုသာ လုပ်ကိုင်ကြပြီး အရောင်းအဝယ်၊ လက်လုပ်လက်စားများ များပြားပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ် ချက်များ

**(ခ)ရာသီခွင်ပြ ပြက္ခဒိန်**



ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီစွင့်ပြ ပြက္ခဒိန်( ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာတွင် လယ် နှင့်ကိုင်းလုပ်ကိုင်ကြသော အိမ်ခြေများလည်းရှိပြီး အိမ်ခြေအများစုမှာ ကျပန်းလုပ်သားများလည်းဖြစ်သည်။ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်းထန်းစွာရွာ၍ လယ်ယာလုပ် ငန်းများကို လုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုရသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် ချမ်းအေးပြီးနှင်းကျသောကာလများဖြစ်ပါသည်။

တန်ခူး၊ ကဆုန်လများတွင်ကြုံရာကြပန်းအလုပ်များ၊ သက်ကယ်ပျစ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။ နယုန်လတွင် တောင်ယာစိုက်ပျိုးသောကြောင့် ဝင်ငွေချောင်လည်သောကာလများဖြစ်ပါသည်။ ဝါဆို၊ ဝါခေါင်လများတွင် လယ်ယာလုပ်ငန်းများလုပ်ကိုင်ကြရပြီး အမျိုးသားနှင့် အမျိုးသမီးများ တန်းတူလုပ်အားခရရှိသော အချိန်များဖြစ်ပါသည်။ ပြာသိုလတွင် လယ်ရိတ်သောကာလ၊ တပို့တွဲ၊ တပေါင်းလများတွင် ကိုင်းသိမ်းသောကြောင့် ဝင်ငွေအတန်အသင့်ပြေလည်သောလများဖြစ်ပါသည်။

တန်းခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ ဝါဆိုလများတွင် ဝါဆိုသင်္ကန်းကပ်လှူကြ၍ သီတင်းကျွတ်လတွင်တော့ မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် တရားပွဲ၊ ကထိန်ပွဲများ၊ ပြာသိုလတွင် ဘုရားပွဲတော်၊ တပို့တွဲလတွင် ထမင်းနဲပွဲတော်များ ပြုလုပ်ကြပြီး စည်ကားသိုက်မြိုက်စွာကျင်းပကြလေ့ရှိပါသည်။


တန်ခူးလ၊ ကဆုန်လများတွင် အပူနာများဖြစ်သောလည်ချောင်းနာ၊ မျက်စိနာတို့ဖြစ်တတ်ပြီး ဝါဆို၊ ဝါခေါင်၊ နတ်တော်လများတွင် တုတ်ကွေး၊ ဖျားနာခြင်းများဖြစ်တတ်ပါသည်။

ဒေသထွက်အစားအစာများအဖြစ် ကဆုန်၊ တော်သလင်းလများတွင် ပဲအမျိုးမျိုးထွက်ရှိပြီး သီတင်းကျွတ်လတွင် ဘူးသီး၊ နတ်တော်လတွင် ပြောင်းဖူး၊ ပဲအမျိုးမျိုးစသည်တို့ထွက်ရှိပါသည်။

ဝါဆို၊ ဝါခေါင်လများတွင် ချောင်းရေလျှံသောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လေ့ရှိပါသည်။ ကျေးရွာအားလပ်ချိန်များအနေဖြင့် တန်ခူး၊ ကဆုန်လများသည် အလုပ်အကိုင်ရှားပါးသောလများ ဖြစ်သောကြောင့် အားလပ်သောအချိန်များဖြစ်ပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ် ချက်များ**

**(ဂ) ဥစ္စာဓန‌ အဆင့်သတ်မှတ်ခြင်း**



ပေါက်တိုင်ကျေးရွာ ချမ်းသာကြွယ်ဝမှု အဆင့်သတ်မှတ်ချက်

၂၉.၁၂.၂၀၁၆

| အဆင့် | "ဝ" သတ်မှတ်ချက်များ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း % | မှတ်ချက် |
|---|---|---|---|---|
| က | တိုက်ခံအိမ်၊ သွပ်မိုး၊ လယ် (၇) ဧက၊ ကိုင်း (၅) ဧက၊ နိုင်းနွား (၆) ကောင်၊ ကား (၁) စီး၊ ဆိုင်ကယ် (၃) စီး၊ ဆိုလာ TV (ဖော်ကောက်)၊ ဈေးဆိုင်၊ ဝမ်းစာဖူလုံမှု - (၃) နှစ် | ၁၉ | ၁၅ % | |
| ခ | သွပ်မိုး၊ ပျဉ်ထောင်အိမ်၊ လယ် (၄) ဧက၊ ကိုင်း (၃) ဧက၊ နိုင်းနွား (၂) ကောင်၊ ဆိုင်ကယ် (၁) စီး၊ ဆိုလာ TV (ဖော်ကောက်)၊ ဖုန်း (၂) လုံး၊ ဝက် (၂) ကောင်၊ ဝမ်းစာဖူလုံမှု (၁) နှစ် | ၃၀ | ၂၃ % | |
| ဂ | သွပ်မိုး၊ ထရံကာအိမ်၊ နွား (၂) ကောင်၊ ဆိုင်ကယ် (၁) စီး၊ ဆိုလာ TV (ဖော်ကောက်)၊ ဖုန်း (၂) လုံး၊ ဝက် (၂) ကောင်၊ ဖိုထား၊ ဝမ်းစာဖူလုံမှုမရှိ၊ ကျပန်းလုပ်သား | ၃၃ | ၂၆ % | |
| ဃ | သက်ကယ်မိုး၊ ထရံကာ၊ ဝါးအိမ်၊ ပင်စားစား၊ ခေါင်းရွက်၊ ဈေးသယ်၊ လက်လုပ်လက်စား | ၄၇ | ၃၆ % | |
| | စုစုပေါင်း | ၁၂၉ | ၁၀၀ % | |

ပါဝင်ဆွေးနွေးသူ ကျား - ၃၄ ဦး  မ - ၆၄ ဦး

ဥစ္စာ ဓနအဆင့် သတ်မှတ်ခြင်း


**ဥစ္စာဓနေ အဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာလူထုမှ ၎င်းတို့၏ကျေးရွာအခြေအနေနှင့် ကိုက်ညီသောလူနေမှု အဆင့်များကိုသတ်မှတ်ရာတွင် အဆင့်(က)အတွက် သွပ်မိုးအိမ်၊ တိုက်ခံအိမ်၊ လယ်(၇)ဧက၊ ဆိုင်ကယ်(၃)စီး၊ ခိုင်နွား ၆ကောင်၊ ကားတစ်စီး၊ ဆိုလာ TV၊ ဈေးဆိုင်၊ ဝမ်းစာဖူလုံမှု (၃)နှစ်၊ အဆင့် (ခ)အတွက် ပျဉ်ထောင်သွပ်မိုးအိမ်၊ ဆိုင်ကယ်တစ်စီး၊ လယ်၄ဧက၊ နွားတစ်ရှဉ်း၊ ကိုင်း(၃)ဧက၊ ဆိုလာ TV၊ ဝက်နှစ်ကောင်၊ ဖုန်းနှစ်လုံး၊ ဝမ်းစာဖူလုံမှုတစ်နှစ်၊ အဆင့်(ဂ)အတွက် သွပ်မိုးထရံကာ၊ နွားမနှစ်ကောင်၊ ဆိုင်ကယ်တစ်စီး၊ ဆိုလာ TV၊ ဝန်ထမ်း၊ ဖုန်းနှစ်လုံး၊ ဝက်နှစ်ကောင်၊ ကျပန်းလုပ်သားများ၊အဆင့် (ဃ) သက်ကယ်မိုး၊ ထရံကာ၊ ဝါးအိမ်၊ ခေါင်းရွက်ဈေးသည်၊ ပင်စင်စား၊ လက်လုပ်လက်စားစသည်တို့ဖြစ်သတ်မှတ်ကြသည်။

ကျေးရွာတွင် အဆင့်(က) ၁၉အိမ်ထောင်စု၊ အဆင့်(ခ) ၃ဂအိမ်ထောင်စု၊ အဆင့်(ဂ) ၃၃အိမ်၊ အဆင့်(ဃ) ၄၇အိမ်ထောင်စု ရှိနေပြီး အဆင့်ကွဲပြားမှုများကိုကြည့်ခြင်းအားဖြင့် ကျေးရွာ၏ စီးပွားရေးအခြေအနေများကိုသိရှိ နိုင်ပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း



ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

## ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)

အုပ်ချုပ်မှု အပိုင်းတွင် အမျိုးသားများက အမျိုးသမီးများထက် ပါဝင်မှုပိုများပြီး ၇၀%နှင့် ၅၀% ဖြစ်နေသည်ကိုတွေ့ရပါသည်။ အုပ်ချုပ်ရေးကိစ္စများကို အမျိုးသားများက အမျိုးသမီးများထက် ပိုမို ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

ယုံကြည်မှု/လုံခြုံမှုတွင် အမျိုးသားများနှင့် အမျိုးသမီးများ သိသာစွာကွာခြားမှုမရှိသည်ကို တွေ့ ရပါသည်။

အလုပ်အကိုင် ကိစ္စများတွင်လည်း အမျိုးသားများနှင့် အမျိုးသမီးများမှ အနည်းငယ်သာကွာ ခြားမှုရှိသည်ကို တွေ့ရှိခဲ့ရပါသည်။

အိမ်တွင်းမှု တွင် အမျိုးသမီးများက အမျိုးသမီးများထက် သိသာစွာပိုမိုလုပ်ဆောင်နိုင်သည်ကို တွေ့ရှိခဲ့ရပါသည်။

ဝင်ငွေ ရှာဖွေနိုင်မှုတွင် အမျိုးသားများနှင့် အမျိုးသမီးများတူညီစွာရှိပြီး၊ အမျိုးသားများက ဒေ သအခြေအနေအရ အလုပ်အကိုင်အခွင့်အလမ်းပိုမိုများပြားသည်ကိုတွေ့ရှိရပါသည်။


ကျန်းမာရေးစောင့်ရှောက်မှုတွင် အမျိုးသားများက အမျိုးသမီးများထက်အားနည်းသည်ကိုတွေ့ ရှိခဲ့ရပါသည်။

အဖွဲ့အစည်းပူးပေါင်းပါဝင်မှုတွင် ကျေးရွာ၏ သာရေးနာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စများ တွင် အမျိုးသားများနှင့် အမျိုးသမီးများ ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။

ပစ္စည်းဥစ္စာစုဆောင်းမှုတွင် အမျိုးသားများထက် အမျိုးသမီးများက ငွေကြေးစီမံခန့်ခွဲရာတွင် ပိုမိုအားကောင်းသည်ကိုတွေ့ရပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(င) အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု**



အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ

**အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**


ကျေးရွာလူထုအနေဖြင့် ၎င်းတို့အသုံးပြုနိုင်သည့် လက်ရှိအသုံးပြုနေသည့် သဘာဝအရင်းမြစ်များနှင့် လူမှုအရင်းမြစ်များအပေါ်တွင် ကောင်းစွာသိရှိနိုင်မှုနည်းပါးသည်ကိုတွေ့ရှိရသည်။

အရင်းအမြစ်အပေါ်တွင် အသုံးပြုမှုကို အမျိုးသား၊ အမျိုးသမီးအသုံးပြုမှုအနေဖြင့် ကောင်းစွာခွဲခြားနိုင်စွမ်းမရှိပဲ ရောထွေးနေပြီး အားလုံးတူညီစွာသုံးစွဲသည်ဟု အဖြေထွက်လာပါသည်။

အမျိုးသား၊ အမျိုးသမီးတူညီစွာသုံးစွဲကြသည်ကို သိရှိသည်မှန်သော်လည်း အသုံးပြုမှုအခြေအနေကို အမျိုးသားများကသာ ဦးဆောင်ကြောင်းကို အမျိုးသမီးများကလည်း တင်ပြသည်ကို တွေ့ရှိရပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) အဖွဲ့အစည်းချိတ်ဆက်ပြပုံ



အဖွဲ့အစည်းချိတ်ဆက်ပြပုံ


**<u>အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)</u>**

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ အရန်မီးသတ်အဖွဲ့၊ ဂေါပက၊ ကျောင်းကော်မတီ၊ ပရိတ်အသင်း၊ အမျိုးသမီးရေးရာ၊ အမျိုးသားကောက်ရိတ်အဖွဲ့၊ လူငယ်ပရဟိတအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ မြကျွန်းသာသမ၊ သစ္စာမေတ္တာသမ၊ စံရောကုန်ထုတ်အသင်း၊ လူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့ စသည်တို့ရှိပါသည်။

ကျေးရွာတွင်းရှိအဖွဲ့များတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျောင်းကော်မတီ၊ အရန်မီးသတ်၊ သမအဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ လူငယ်ပရဟိတ၊ လူထုဗဟိုပြုစီမံကိန်းကော်မတီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာအုပ်စု၊ မြို့နယ်ရှိအုပ်ချုပ်ရေးအဖွဲ့နှင့်လည်း ချိတ်ဆက်ဆောင်ရွက်နေပါသည်။ အရန်မီးသတ်အဖွဲ့သည်လည်း အုပ်စု/မြို့နယ်မီးသတ်အဖွဲ့နှင့် ချိတ်ဆက်နေပြီး ကျောင်းကော်မတီသည်လည်း မြို့နယ်ပညာရေးနှင့် ချိတ်ဆက်ပြီး၊ သမချေးငွေအဖွဲ့သည်လည်း မြို့နယ်သမနှင့် ချိတ်ဆက်ဆောင်ရွက်နေပါသည်။ လူထုဗဟိုပြုစီမံကိန်းကော်မတီမှလည်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်းတွေ့ရပါသည်။

### ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (ဆ) ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ




အခက်အခဲပြဿနာများ


**အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

ကျေးရွာ၏ အဓိကအခက်အခဲများကို အမျိုးသား၊ အမျိုးသမီးများမှ စုပေါင်းဖော်ထုတ်ကြရာတွင် အမျိုးသားများဘက်မှ ငွေကြေးအခက်အခဲ၊ ပူးပေါင်းဆောင်ရွက်မှုအခက်အခဲ၊ ခေါင်းဆောင်ကောင်းနည်းပါးခြင်း၊ နည်းပညာတတ်ကျွမ်းမှုအားနည်းခြင်း၊ အတတ်ပညာအားနည်းခြင်း၊ ဖွံ့ဖြိုးရေးစိတ်ဓာတ်အားနည်းခြင်း၊စသောအားဖြင့် တင်ပြကြပါသည်။

အမျိုးသမီးများမှ အလုပ်အကိုင်ရှားပါးခြင်း၊ နောက်လိုက်ကောင်းအားနည်းခြင်း၊စသည်တို့ကိုတင်ပြကြပါသည်။

### ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (၉) ကျေးရွာ၏ မျှော်မှန်းချက်များ





မျှော်မှန်းချက်များ ပြပုံ

### ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာမျှော်မှန်းချက်အတွက် အမျိုးသားများမှ ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း၊ မူကြိုကျောင်း၊ အထက်တန်းကျောင်း၊ ကျေးလက်ဈေး၊ ဘိုးဘွားရိပ်သာ၊ လူနာတင်ကားများကို တင်ပြကြပြီး အမျိုးသမီးများဘက်မှ လျှပ်စစ်မီး၊ ဆေးပေးခန်း၊ အားကစားကွင်း၊ မီးသတ်ရေကန်၊ မီးသတ်ကားများကို တင်ပြဆွေးနွေးကြပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ဈ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

- ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး
- ရွာတွင်းချောင်းကျောက်ခင်းလမ်း
- ရွာတွင်းကျောက်ချောလမ်း

များကို အမျိုးသား၊ အမျိုးသမီးများမှ တူညီစွာအဆိုပြုတင်ပြကြပါသည်။

## ၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ




ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးဝင်းမြင့် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09-422470720 | လူထုစည်းရုံးရေးမှူး၏ အမည် ဦးညီညီလွင် | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဆုံလဲ | ကျေးရွာ ဝေါက်တိုင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ----------- | ၁၃၁ | ဘာသာ (၁) -ဗုဒ္ဓ------ | ၁၃၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား = ၁၁<br>မ = ၂၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၁၄ | ၂၅၃ |
| လူမျိုးစု (၁)----------- | | |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၉၇ | ၃၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက်<br>[illegible] | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

(ကျောက်ကြမ်းလမ်း) ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုပေါ်ပြူစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် --၁၅ မိနစ်----- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/မြင်းလှည်း/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---------၁၅ မိနစ်-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/မြင်းလှည်း/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ဝတ်ပြုကျောင်းဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --ရေကြီးခြင်း.................

လူထုပေါ်ပြူ စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုပေါ်ပြူစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]
(၂) မရှိ

ကျေးရွာခေါင်းဆောင် — အမည် ဦးဝင်းမြင့်

လက်မှတ် [signature] — နေ့စွဲ ၂၈.၄.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် [signature] — နေ့စွဲ ၂၈.၄.၂၀၁၇

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုရည်ရုံးရေးမှူး/လက်တောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာ [illegible] ဖြည့်သွင်းရမည်။ | | | |
| ရည်ရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ခင်နှင်းနွယ် | | |
| နေ့စွဲ ၂၈-၉-၂၀၁၇ | | စက်ဝန်းအားအမှတ်ဖြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) မှ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ခုံလဲ | ကျေးရွာ ဇော်ဇော်ကုန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမှုရေးထောက်ပံ့သူ အရေအတွက် နှင့် ရာခိုင်နှုန်း |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၈-၉-၁၇ | ၂၈-၉-၁၇ | ၄၃ | ၂၅ | ၆၈ | ၆၈ \| [illegible] |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၈-၉-၁၇ | ၂၈-၉-၁၇ | ၄၃ | ၂၅ | ၆၈ | ၆၈ \| [illegible] |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၈-၁၀-၁၇ | ၁၈-၁၀-၁၇ | ၂၆ | ၂၇ | ၅၃ | ၅၃ \| [illegible] |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၉-၁၂-၁၇ | ၉-၁၂-၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၅-၁-၁၈ | ၂၅-၁-၁၈ | ၄၀ | ၃၄ | ၇၄ | ၇၄ \| [illegible] |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၁-၂-၁၈ | ၁-၂-၁၈ | ၃၈ | ၃၆ | ၇၄ | ၇၄ \| [illegible] |

လူထုဖယ်ရိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁. ၂. ၁၈ | ၁. ၂. ၁၈ | ၃၈ | ၃၆ | ၇၄ | ၇၄ | မှာ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂. ၂. ၁၈ | ၂. ၂. ၁၈ | ၄၀ | ၂၉ | ၆၉ | ၆၉ | မှာ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂. ၂. ၁၈ | ၂. ၂. ၁၈ | ၄၀ | ၂၉ | ၆၉ | ၆၉ | မှာ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၂၅. ၂. ၁၈ | ၂၅. ၂. ၁၈ | ၃၅ | ၄၁ | ၇၆ | ၇၆ | မှာ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၁၀. ၃. ၁၈ | ၁၀. ၃. ၁၈ | ၂၇ | ၃၀ | ၅၇ | ၅၇ | မှာ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၈၃. ၄. ၁၈ | ၃. ၄. ၁၈ | ၄၀ | ၂၈ | ၆၈ | ၆၈ | မှာ |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၇. ၄. ၁၈ | ၇. ၄. ၁၈ | ၃၈ | ၃၇ | ၇၅ | ၇၅ | မှာ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၈. ၄. ၁၈ | ၈. ၄. ၁၈ | | | | . | မှာ |

## ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အခန်း(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်ရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဂဏန်းစာရင်း အမည် | ဦး[illegible] | | |
| နေ့စွဲ | ၂၈၊ ၆၊ ၂၀၁၇ | စက်ဝန်းအဆင့် အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဒေသကြီး | မြို့နယ် မြို့နယ် | ကျေးရွာအုပ်စု ချိုပြဲ | ကျေးရွာ မော်ကတိုင်း |

က။ အခက်အခဲအတားအဆီးများအား အဆင့်သတ်မှတ်ခြင်း - ယခုလက်ရှိအချိန်အခါတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်အရာများဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေချိုးရေသောက် ခက်ခဲခြင်း / မရှိခြင်း | ၁ | စာသင်ကျောင်း ကြိုမရှိခြင်း |
| ၂ | ခေါင်းဆောင်မှုကောင်းမရှိခြင်း | ၂ | [illegible] |
| ၃ | ဖွံ့ဖြိုးရေး စီမံကိန်းကောင်းများ မရှိခြင်း | ၃ | |
| ၄ | ရေချိုးရေသောက်ကုန်များ မရှိခြင်း | ၄ | |
| ၅ | ငွေကြေးမပြည့်စုံခြင်း | ၅ | |
| ၆ | စာသင်ကျောင်း ကျောင်းများ မရှိခြင်း | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလိုသောချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျောက်လမ်းကောင်းရှိရမည်။ | ၁ | မီးသတ်ရေကန်ရှိရမည်။ |
| ၂ | ကျန်းမာရေးဆေးခန်းရှိရမည်။ | ၂ | ဆေးပေးခန်းရှိရမည်။ |
| ၃ | ဆိုလာပြည်သူ့ရှိရမည်။ | ၃ | မီးသတ်ကားရှိရမည်။ |
| ၄ | [illegible] ရှိရမည်။ | ၄ | စားကစားကွင်းရှိရမည်။ |
| ၅ | မူကြိုကျောင်းရှိရမည်။ | ၅ | ကျေးရွာ မီးလမ်းရှိရမည်။ |
| ၆ | စာသင်ကျောင်းကျောင်းရှိရမည်။ | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကွန်ကရစ်ခင်းတံတားနှင့်မြောင်းကြီး | အမျိုးသား+ အမျိုးသမီး | ၁၂၀ သိန်း | [illegible] |
| ၂ | ရွာတွင်းချောင်းကျောက်လမ်း | " " | ၁၁၀ သိန်း | [illegible] |
| ၃ | ရွာတွင်းကျောက်ချောလမ်း | " " | ၂၀၀ သိန်း | [illegible] |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးဝင်းမြင့် ---------- လက်မှတ် ---------- နေ့စွဲ ၂၈.၆.၂၀၁၇

ဒေါ်ငြိမ်းငြိမ်းခွေ

ငြိမ်းငြိမ်း

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TF တို့၏ အကူအညီဖြင့် ကျေးရွာစီမံအကောင်အထည်ဖော်မှု လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဖြည့်စွက်ပြီးသော ပုံစံကို ကျေးရွာအုပ်စုရုံးတွင်ထားရှိ၍ TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။) |
| ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် ဦးညီညီလွင်၊ ဒေါ်ဥမ္မာမြင့် |

| | |
|---|---|
| နေ့စွဲ 18.10.2017 | ဝက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ဝက်ဝန်း(၁) ဝက်ဝန်း(၂) ဝက်ဝန်း(၃) ဝက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မကွေး ; မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဆိုလယ် |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ရှိပါက) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
| ကျောင်းကုန်း | ရွာတွင်း ကျောက်ကျောက်လမ်း | 265'×10'×6"<br>655'×14'×6"<br>280'×12'×6" | ၂၈၀ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၃၅ သိန်း | | \| | ၃၅ သိန်း |
| သဇင်ပြကုန်း | ဂုံဝ ရွာ ကျောက် ကျောက်လမ်း ခင်း ခြင်း | 400'×8'×6" | ၂၅၇ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၄၅ သိန်း | | \| | ၄၅ သိန်း |
| ဘုန်းကြီး | ရွာတွင်းလမ်း ကျောက်ကြီး ခွဲ ကျောက်ကျောက်ခင်း | 1500'×10'×6" | ၅၂၀ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၈၈ သိန်း | | \| | ၈၈ သိန်း |
| ဝုန်စဝေ | ရွာတွင်း နှင့်ရွာ ထွက် ကျောက်လမ်း ကျောက်ကျောက်ခင်း | 3ʹ×12'×6"<br>ʹ×4'×4' | ၇၆ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၈၈ သိန်း | | \| | ၈၈ သိန်း |
| သဇင်ပြကျ | ရွာတစ်လမ်း ကျောက် ကျောက်ခင်း ခြင်း နှင့် ဂုံးပေါက် | 718'×10'×6"<br>11'×5'×5.9" | ၅၂ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၂၄ သိန်း | | \| | ၂၄ သိန်း |

ရာထူး ကျေးရွာအုပ်စု စီ/အကောင်အထည်ဖော် ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| *လမ်းညွှန်ချက်။ ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။* | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | | ဝက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) ☐ဝက်ဝန်း(၁) ☐ဝက်ဝန်း(၂) ☐ဝက်ဝန်း(၃) ☐ဝက်ဝန်း(၄) |
| နေ့စွဲ<br>ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| အောင်သခြေ | ရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်း | 300'×14'×6"<br>100'×10'×6"<br>455'×12'×6"<br>235'×12'×6" | ၆၂ | ☐အမျိုးသား<br>☐အမျိုးသမီး<br>✓အမျိုးသားနှင့်အမျိုးသမီး | ၂၇ သိန်း | | - | ၂၇ သိန်း |
| | | 150'×7'×6" | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | | | - | |
| ပေါက်တိုင်း | ရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်း | 2979'×14'×6"<br>1549'×12'×6" | ၄၆၇ | ☐အမျိုးသား<br>☐အမျိုးသမီး<br>✓အမျိုးသားနှင့်အမျိုးသမီး | ၁၁၀ သိန်း | | - | ၁၁၀ သိန်း |

လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလကြွ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| သံပြား | တံတား၊ အဆင်းလမ်း၊ ကွန်ကရစ် ခင်းခြင်းနှင့် ရွာတင်းလမ်း၊ မြောင်း ကျောက်ခင်းခြင်း | 210'×12'×8" 300'×12'×6" | ၃၃၃ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၄၅ သိန်း | | | | ၄၅ သိန်း |
| ခမြဲကြား | ရေတွင်း၊ ရေကန်၊ ရေစက်ကန်နှင့်ရေပိုက် သွယ်တန်းခြင်း | 2" φ ×50' 10'×10'×6' 6'×6'×6' 2"φ - 400' 1½"φ - 2300' | ၃၃၅ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၅၄ သိန်း | | | | ၅၄ သိန်း |
| ဆုံလဲ | ဘက်စုံသုံး ခန်းမ | ၂၀'×၃၀'×၁၂' | ၁၂၁ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၈၃ သိန်း | | | | ၈၃၀ သိန်း |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးအောင်း၊ ဒေါ်စကြည်တင်း

လက်မှတ် ............ ရက်စွဲ ၁၈.၁၀.၂၀၁၇

<u>အစည်းအဝေးမှတ်တမ်း</u>

ကြံခင်းမြို့နယ်၊ ဆုံလဲကျေးရွာအုပ်စု၊ ပေါက်တိုင်းကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၁.၉.၂၀၁၇)နံနက် (၉း၀၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ်နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့်အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင်အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအားပိတ်သိမ်းခဲ့ သည်။

***********************************************

## ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းချောင်းကျောက်လမ်း | ကျား / မ | ကျေးရွာစီ/ထောက် | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ရွာတွင်းကျောက်ချောလမ်း | ကျား / မ | ကျေးရွာစီ/ထောက် | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | ကွန်ကရစ်မီးတိုင် | ကျား | ကျေးရွာစီ/ထောက် | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | | | | |
| | ၅ | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| ကျန်းမာရေးနှင့် လူမှုရေး | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| ပညာရေး | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| အခြား | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |